## နိဗ္ဗာန်သည် ကာလဂိမုတ္တိဖြစ်ပုံ

နိဗ္ဗာန်သည် ကာလ သုံးပါးလွတ်သည်ဆိုသော စကားကို ကျမ်းဂန်များ ဆရာတော်ကြီးများက ရေးကြ ဟောကြသည်ကို လေ့လာ ဖတ်ရှု မှတ်သားရသော်လည်း မည်သို့မည်ပုံ ကာလသုံးပါးက လွတ်သည်ကိုမူ ရှင်းရှင်းလင်းလင်း နာလည်သဘောပေါက်ရန် မလွယ်ကူလှဟု ထင်မြင်မိပါသည်။ ထို့ကြောင့် မိမိ လေ့လာသိရှိသမျှထဲမှ နားလည်လွယ်အောင် ဟောကြားထားသော အရှင်အနာသိန်နှင့် မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ တရားများကို ကောက်နုတ်ဖော်ပြပေးပါမည်။

မိလိန္ဒပဉှာ၊ ဝေဿန္တရာဝဂ် နိဗ္ဗာနသစ္ဆိကိရဏပဉှာတွင်

မိလိန္ဒမင်းကြီးက " အရှင်ဘုရား နာဂသေန နိဗ္ဗာန်သည် အတိတ်လည်း မဟုတ်။ အနာဂါတ်လည်း မဟုတ်။ ပစ္စုပ္ပန်လည်း မဟုတ်။ ရောက်ဆဲတရားလည်း မဟုတ်။ ရောက်ပြီး ရောက်ဆဲတရားလည်း မဟုတ်ဟု အရှင်ဘုရားတို့ ဆိုတော်မူကုန်၏။ အရှင်ဘုရား နာဂသေန ဤသာသနာ၌ အကြင် အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည် ကောင်းစွာကျင့်သည် ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုသူသည် ဖြစ်ဆဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသလော၊ ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသလော။

အရှင်နာဂသေနက " မင်းမြတ် အကြင် အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည် ကောင်းစွာကျင့်သည် ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုသူသည် ဖြစ်ဆဲ နိဗ္ဗာန်ကို မျက်မှောက်မပြု။ ဖြစ်ပြီး နိဗ္ဗာန်ကိုလည်း မျက်မှောက်မပြု။ မင်းမြတ် စင်စစ်သော်ကား ကောင်းစွာ ကျင့်သော်သူကား အကြင် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထို နိဗ္ဗာန် ဓါတ်သည် ရှိ၏။

မိုးကုတ်ဆရာတော်ဘုရားကြီး သဉ်တမှ အသဉ်တသို့ တရားတော်မှာလည်း " နိဗ္ဗာန်သည်

နဂိုက ရှိနေတာလား။ အတိတ်သဘောနဲ့ ရှိနေသလား၊ ပစ္စုပ္ပန်သဘောနဲ့ ရှိနေလား၊ အနာဂါတ် ကျမှ ပေါ်မှာလားလို့ မေးရင် ကာလ သုံးပါးလုံးမှာ မရှိဘူးလို့ ဖြေရပါလိမ့်မယ်။ ဂါစိမ်း ၂ လုံးကို နာနာ ပွတ်ပါ။ မပွတ်ခင် ဂါး ၂ လုံး သူဟာသူချထား အေးနေတာပဲ။ ဂါးက အလိုလိုပူလာတာလား၊ လုံ့လပယောဂကြောင့်လား တကာ၊တကာမတို့.... ပွတ်ပါများလို့ မီးထတောက်တာ။ ဒါဖြင့် နဂိုက ဂါးထဲမှာ မီးပါလို့လား။ လုံ့လပယောဂကြောင့် ပေါ်တာလို့ မှတ်"။

ဆရာတော်ကြီးဆိုလိုသည်မှာ ဂါးထဲတွင် မီးသည် အတိတ်မှာလည်းမရှိခဲ့။ ပစ္စုပ္ပန်တွင်လည်းမရှိ။ အနာဂါတ်မှာလည်း ပေါ်စရာမရှိ။ ထိုနည်းလည်းကောင်း ရုပ်နာမ်ခန္ဓာတို့တွင် နိဗ္ဗာန်မရှိပါ။ ရုပ်ကို ခွဲလျှင် ဓါတ်ကြီး ၄ ပါး၊ နာမ်ကိုခွဲလျှင် ခွဲလျှင် နာမ်ဓါတ် ၄ ပါး။ ရုပ်နာမ်အတွင်း နိဗ္ဗာနဓါတ်သည် အတိတ်တွင်လည်း မရှိခဲ့။ ပစ္စုပ္ပန်၌လည်း မရှိ။ အနာဂါတ်တွင်လည်း မရှိ။ ရုပ်နာမ်တို့၏ ချုပ်ငြိမ်းခြင်းသဘောကို မပြတ်ရှုနေသောယောဂီ၏ ဉာဏ်သည် ရင့်လာတဲ့အခါ နိဗ္ဗာန်ရှိသည့်ဘက်ကိုလှည့်သွားခြင်းဟု ဟောကြားထားသည်။ ဤနေရာတွင် ဂါး ၂ လုံး ပွတ်တိုက်ခြင်းသည် ဝိပဿနာရှုခြင်းနှင့် တူသည်။ ဂါး ၂ လုံး ပွတ်လို့ အပူဓါတ်ထွက်လာတာ သည် ဝိပဿနာမဂ်ဉာဏ်ရင့်လာတာနှင့် တူသည်။ မီးထွက်တာသည် လောကုတ္တရာမဂ်ဉာဏ်ပေါ်ခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း နှင့် တူသည်ဟု နှိုင်းယှဉ်ပြသွားပါသည်။ ၄င်းနိဗ္ဗာန်သည် မျက်မှောက်မပြုခင် ဖြစ်နှင့်ပြီးသား နိဗ္ဗာန်မဟုတ်သလို မျက်မှောက်ပြုခိုက်တွင် ဖြစ်နေဆဲ နိဗ္ဗာန်လည်း မဟုတ်ပါ။

နိဗ္ဗာန်၏သဘောသဘာဝသည် လျှို့ဝှက်နက်နဲပါသည်။ လယ်တီဆရာတော်ကြီးဟောကြားခဲ့သလို " နိဗ္ဗာန်၏အဓိပ္ပါယ်ကို မှားယွင်းစွာ ဖွင့်ဆိုတတ်သည်အထိ အလွန်နက်နဲသောကြောင့် သဘာဝအမှန်ကို သိနိုင်ခဲသည်" ဟု ဆိုထားသည့်အတိုင်း နိဗ္ဗာန်နှင့်ပတ်သက်လာလျှင် ပဟေဠိကို အဖြေညှိသလို ဖြစ်နေသည်မှာ

အဆန်းတကြယ်တော့ မဟုတ်ပေ။

ချမ်းသာစစ်နှင့် ပြည့်စုံကြပါစေ။

ပြေဇော်